# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | – အမှာစာ | |
| ၁။ | ဘိုးမှတ်စု၏ ကိုလီမိုလီ | ၁ |
| ၂။ | ဘိုးမှတ်စု၏ ကွမ်းယာ | ၃ |
| ၃။ | ဘိုးမှတ်စု၏ ဆေးတံဟောင်းများ | ၈ |
| ၄။ | ဘိုးမှတ်စု၏ ဆေးလိပ် | ၁၇ |
| ၅။ | ဘိုးမှတ်စု၏ လက်ဖက်ရာဇဝင် | ၂၂ |
| ၆။ | ဘိုးမှတ်စု၏ ခေတ်သစ်နှင့်ခေတ်ဟောင်း | ၂၉ |
| ၇။ | ဘိုးမှတ်စု၏ ဝေါဟာရအလင်းပြ | ၃၃ |
| ၈။ | ဘိုးမှတ်စု၏ ရန်ပုံစွင်းအမြောက် | ၃၉ |
| ၉။ | ဘိုးမှတ်စု၏ စပါးရတနာ | ၄၂ |
| ၁၀။ | ဘိုးမှတ်စု၏ ထိုးကွင်း | ၄၄ |
| ၁၁။ | စာဆိုတော် | ၄၈ |
| ၁၂။ | ရှေးက စာများ | ၅၁ |
| ၁၃။ | ရှေးဟောင်းစာပေများ | ၅၅ |
| ၁၄။ | ဗမာစကား | ၆၆ |
| ၁၅။ | ဘိုးမှတ်စု၏ မြန်မာသဘော်များ | ၇၁ |
| ၁၆။ | ရှေးမြန်မာစစ်တိုက်နည်းများ | ၇၉ |
| ၁၇။ | မြန်မာမိန်းမပျိုကလေးများ | ၉၃ |
| ၁၈။ | အဝတ်အစား | ၁၀၆ |
| ၁၉။ | ဘိုးမှတ်စု၏ တလိုင်းဆံဖြတ် | ၁၁၆ |
| ၂၀။ | ထမင်းစားပွဲ | ၁၂၀ |
| ၂၁။ | နတ်–နတ်–နတ် | ၁၂၄ |
| ၂၂။ | နတ်ပုံပြင် | ၁၃၁ |
| ၂၃။ | ကိန္နရာများ | ၁၃၉ |
| ၂၄။ | ကျန်ရစ်သားနှင့်ရှေးစကား | ၁၄၆ |
| ၂၅။ | ပုဂံ | ၁၄၉ |
| ၂၆။ | ရှေးဟောင်းပန်းချီပညာ | ၁၅၈ |
| ၂၇။ | ပုဂံလက်ရာ | ၁၆၇ |
| ၂၈။ | ပုဂံပြတိုက် | ၁၇၅ |
| ၂၉။ | မြန်မာပြည်နှင့် ပြတိုက်များ | ၁၈၂ |
| ၃၀။ | ပုဂံခေတ်စာပေများ | ၁၈၉ |
| ၃၁။ | ကျောက်ဆစ်ပညာဆိုင်ရာ အဖိုးတန်သောအလုပ်အဆောင်များ | ၁၉၉ |
| ၃၂။ | ရှေးဟောင်းပစ္စည်းရှာဖွေရေးဌာန | ၂၀၇ |
| ၃၃။ | အင်းဝသွားမှတ်တမ်း | ၂၁၄ |
| ၃၄။ | အင်း၀–အဝ ရေးထုံးများ | ၂၂၄ |
| ၃၅။ | အမရပူရခေတ်သုံး ဒင်္ဂါးများ | ၂၂၇ |
| ၃၆။ | ရတနာပုံနေပြည်တော်သတင်းစာ | ၂၃၄ |
| ၃၇။ | ရတနာပုံဆောင်းပါး | ၂၄၄ |
| ၃၈။ | ဒို့ဘုရင်ရွှေဘုန်း | ၂၅၃ |
| ၃၉။ | ရွှေဘိုနယ် ကဗျွန္တာကောက်စိုက်သီချင်းများ | ၂၅၇ |
| ၄၀။ | ရွှေဘိုတေးသံ | ၂၆၀ |
| ၄၁။ | ရွှေဘိုဗုံကြီးသံ | ၂၆၆ |
| ၄၂။ | ရှင်မွန်လှ ဗုံကြီးသံ | ၂၆၉ |
| ၄၃။ | ရွှေကူရွာ ဗုံကြီးသံ | ၂၇၂ |
| ၄၄။ | ရွှေဘို ဆိပ်ခွန်ရွာကောက်စိုက်သီချင်း | ၂၇၄ |
| ၄၅။ | ဘိုတော | ၂၇၈ |
| ၄၆။ | ကာတွန်းဆရာ | ၂၈၃ |
| ၄၇။ | နိုင်ငံရေးဓာတ်ခံ | ၂၈၅ |
| ၄၈။ | ပန်းချီပညာသင်လူငယ်တစ်ဦးထံမှ ပေးပို့လိုက်သောကာတွန်း | ၂၈၆ |
| ၄၉။ | သတင်းထူး သတင်းရှူးများ | ၂၈၇ |
| ၅၀။ | တစ်ခါလာ မဲပြာပုဆိုး | ၂၉၁ |
| ၅၁။ | မင်္ဂလာဆောင်အမျိုးမျိုး | ၂၉၂ |
| ၅၂။ | ဆံထုံးငှိုကာ | ၂၉၃ |
| ၅၃။ | အမရပူရခေတ်က မြန်မာမိန်းမပျိုတစ်ဦး ဝတ်စားဆင်ယင်ပုံ | ၂၉၄ |
| ၅၄။ | ဦးဘမော် ရုပ်ပြောင် | ၂၉၅ |


■

## ထုတ်ဝေသူအမှာ

"ဗမာနိုင်ငံ စီးပွားရေး၊ လူမှုရေး၊ လေ့သမိုင်းဆရာတွေထဲမှာ ဆရာတော်က လေ့သမိုင်းရေးတဲ့ ပုဂ္ဂိုလ်ကျော်ဖြစ်ပါတယ်" လို့ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက မှတ်ချက်ပေးခဲ့တဲ့ ဆရာတော် ရွှေကိုင်းသားရဲ့ လေ့သမိုင်းဆိုင်ရာဆောင်းပါးများကိုစုစည်းပြီး စာအုပ်အဖြစ်ထုတ်ဝေလိုက်ပါပြီ။

ဆရာတော်ရွှေကိုင်းသားဟာ မြန်မာစာပေ၊ မြန်မာမှု၊ မြန်မာ့အနုပညာအထွေထွေကို အခြေခံတဲ့ စာတမ်း ဆောင်းပါးပေါင်း ၅၀၀ ကျော်ကို ရေးခဲ့တယ်။ ပထမဆုံး ပုံနှိပ်စာမူဖြစ်တဲ့ "မင်းရှင်စော အတ္ထုပ္ပတ္တိ" (သူရိယရုပ်စုံသတင်း၊ ၁၈ စက်တင်ဘာ ၁၉၃၂) ကို ရတနာပုံ လှိုင်ခင်အေး ကလောင်အမည်နဲ့ရေးခဲ့ပါတယ်။ ဆက်လက်ပြီး သူရိယရုပ်စုံနဲ့ သူရိယမဂ္ဂဇင်းတွေမှာ ရေးခဲ့သေးတယ်။ နောက်တော့ ကြီးပွားရေးမဂ္ဂဇင်းမှာ ပင်တိုင်ဆောင်းပါးရှင်အဖြစ်ရေးခဲ့တယ်။ ကြီးပွားရေးမဂ္ဂဇင်းကို ၁၉၃၃ ခု အောက်တိုဘာမှာ စတင်ထုတ်ဝေခဲ့တယ်။ ကြီးပွားရေးမဂ္ဂဇင်းရဲ့



ရည်ရွယ်ချက်က လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီး စာပေ၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် လူငယ်များ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ တိုးတက်ရေးအကြောင်းအရာများကို ဦးစားပေးဖော်ပြခဲ့တာကိုး။ ကြီးပွားရေးမဂ္ဂဇင်းထွက်ခဲ့တဲ့ ၁၉၃၃–၄၂ ခုနှစ်များအတွင်း ၁၀ နှစ်တာကာလဟာ အမျိုးသားလွတ်မြောက်ရေး အရှိန်အဝါအမြင့်ဆုံးကာလဖြစ်သလို နယ်ချဲ့ဆန့်ကျင်ရေးနဲ့ နိုင်ငံရေးဆောင်းပါးများဟာ အဲဒီခေတ်က လူငယ်ထုအပေါ်မှာ ဩဇာသက်ရောက်ခဲ့တယ်။ အဲဒီဆောင်းပါးတွေဟာ တိုးတက်တဲ့ လူငယ်များဖြစ်တဲ့ ကိုအောင်ကျော်နှင့် ကိုအောင်ဆန်းတို့ရဲ့ အသည်းစွဲဆောင်းပါးများဖြစ်သည်လို့ ဆရာမြသန်းတင့်က ရေးခဲ့ပါတယ်။

မြန်မာစာ မြန်မာမှု အနုပညာ လေ့ထုံးတမ်းနဲ့ သမိုင်းမှတ်တမ်းဆိုင်ရာ ဆောင်းပါးများဟာလည်း မြန်မာ့အမွေအနှစ်၊ မြန်မာမှုများကို မေ့လျော့နေတဲ့မြန်မာတွေ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သတိရစေရန်နဲ့ ကိုယ့်တန်ဖိုးကိုသိရန် သတိပေးတဲ့ဆောင်းပါးများလည်းဖြစ်တယ်။ ရွှေကိုင်းသား၊ ဦးလှဖေဝင်း၊ မြကေတု၊ သိပ္ပံမောင်ဝနဲ့ လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ရဲ့ ဆောင်းပါးများပါ ရှိပါတယ်။

ကြီးပွားရေးမဂ္ဂဇင်းမှာ ဆရာတော်ဟာ ရတနာပုံ ဘိုးမှတ်စု၊ လှိုင်မန္တလေး၊ ရွှေကိုင်းသား ကလောင်အမည်များနဲ့ ရေးခဲ့ပါတယ်။ ကာတွန်းတွေဆွဲတော့ ဆရာတော်ရဲ့အမည်ရင်း "ထွန်းလှိုင်" လို့ လက်မှတ်ထိုးခဲ့တယ်။

ဆရာတော်က မြန်မာမှုတွေ အရေးများတယ်လို့ဆိုနိုင်တယ်။ ရေးတဲ့အကြောင်းအရာကလည်း အစုံပါပဲ။ လေ့ထုံးစံနဲ့ပတ်သက်ပြီး ကိုလီမိုလီခေါင်းစဉ်အောက်မှာ ထမနဲထိုးနည်း၊ ကောက်ညှင်းကျည်တောက်ဖုတ်နည်း၊ အုတ်ဖုတ်နည်း၊ ကွမ်းစားနည်းနဲ့ ဆေးတံအကြောင်း၊ ဆေးလိပ်



အကြောင်း၊ လက်ဖက်အကြောင်း၊ အဝတ်အစားအကြောင်းများကို စုံလင်စွာ ပုံနဲ့တကွရေးသားခဲ့တယ်။

ပန်းချီပညာ၊ ပန်းချီအလုပ်နဲ့ပတ်သက်ပြီး ရေးတဲ့ဆောင်းပါးတွေဟာလည်း ကျောက်စာရုံးမှာ ပုံကူးပန်းချီဆရာလုပ်ဖူးတော့ သူကိုယ်တိုင်ဆွဲခဲ့တယ်။ ဓာတ်ပုံနဲ့ဖော်ပြစရာရှိရင်လည်း ဓာတ်ပုံဝါသနာရှင်ပီပီ သူကိုယ်တိုင်ရိုက်ပြီးဖော်ပြခဲ့တယ်။ ပန်းချီအကြောင်းသာမက ပန်းရန်၊ ပန်းတော့၊ ပန်းတမော့ စတဲ့ ပုဂံခေတ်က ပွင့်လန်းဝေဆာခဲ့တဲ့ ပန်းဆယ်မျိုး အနုပညာရပ်များကိုလည်း ရေးသားခဲ့ပါတယ်။ ဆောင်းပါးတိုင်းမှာ ဆရာတော်ကိုယ်တိုင်ဆွဲ ကိုယ်တိုင်ရိုက်တဲ့ပုံတွေ အများကြီးတွေ့ရမှာပါ။ ကျောက်ဆစ်ပညာဆောင်းပါးမှာလည်း ပုဂံမှာရှိတဲ့ ဘုရား ပုထိုးတွေ အဆောက်အဦတွေကို ဓာတ်ပုံနဲ့တင်ပြပြီး ရှေးဟောင်းလက်မှုပညာရပ်တွေကို မပျောက်ကွယ်အောင် ထိန်းသိမ်းသင့်တဲ့အကြောင်း တိုက်တွန်းခဲ့တယ်။

သမိုင်းဆရာ၊ ရာဇဝင်ဆရာတွေအားကိုးတဲ့ ကျောက်စာကို အများပြည်သူတွေပါ ကျောက်စာပညာနဲ့ ရင်းနှီးနေဖို့လိုတယ်လို့ ယူဆပြီး ဆရာတော်က "ရှေးဟောင်းပစ္စည်းရှာဖွေရေးဌာန" ဆိုတဲ့ ဆောင်းပါးမှာ အများပြည်သူနဲ့ ကျောက်စာဌာနကို နီးစပ်အောင် ဆက်စပ်ပေးခဲ့တယ်။

ရှေးမြန်မာစာ၊ မြန်မာစကားအကြောင်း ရေးသားခဲ့တဲ့အပြင် ရှေးမြန်မာစစ်တိုက်နည်းကိုလည်း ပုံနှင့်တကွသရုပ်ဖော်ခဲ့တယ်။

ကမ္ဘာပေါ်မှာ အယူဝါဒအသီးသီးရှိခဲ့တဲ့အနက် ရှေးအကျဆုံးဖြစ်တဲ့ နတ်ကိုးကွယ်ခြင်းအကြောင်းကိုလည်း ပုံများနဲ့တကွ ရှင်းလင်းဖွင့်ဆိုရေးသားခဲ့တယ်။ ပြတိုက်နည်းတဲ့ မြန်မာပြည်မှာ ရှိခဲ့တဲ့ပြတိုက်တွေအကြောင်း၊ ပြတိုက်အခြေအနေတွေကိုလည်း ဝေဖန်ထောက်ပြခဲ့တယ်။



ပျောက်ကွယ်လုနီးပါးဖြစ်တဲ့ ရှေးဟောင်းသီချင်းတွေကိုလည်း ဗုံကြီးသံတွေ၊ ကောက်စိုက်သီချင်းတွေမှာ ဖော်ထုတ်တင်ပြခဲ့ပါတယ်။ ကာတွန်းတွေကတော့ ခေတ်ကာလအခြေအနေနဲ့ နိုင်ငံရေးခေါင်းဆောင်အမည်ခံ ပုဂ္ဂိုလ်ကြီးများကို တို့ထိ ဝေဖန်ခဲ့တာဖြစ်ပါတယ်။

ထုတ်ဝေသူ